# ပူးတွဲသတင်းစာရှင်းလင်းပွဲစာစောင်

ရန်ကုန် မတ်လ ၇ ရက်နေ့၊ ၂၀၁၇။

## အမျိုးသမီးများအား အကြမ်းဖက်မှု ရပ်။

## မြန်မာနိုင်ငံရှိ ကျားမခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုများမှ လွတ်မြောက်ခဲ့သည့် အမျိုးသမီးများ၏ ရင်ဖွင့်သံများကို ခြယ်မှုန်းထားသော ရန်ကုန်ရုပ်ရှင်ကျောင်း၏ ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်များ

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကျားမခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကို ကြုံတွေ့ခဲ့ရသည့် အမျိုးသမီးများ၏အဖြစ်အပျက်များပေါ်အခြေခံ၍ ရန်ကုန်ရုပ်ရှင်ကျောင်းမှ ခံစားမှုအားကောင်းသော ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်များကို ဖန်တီးခဲ့ပါသည်။ ဤရုပ်ပုံပြမှတ်တမ်းရုပ်ရှင်များ ထုတ်လုပ်နိုင်ရန်အတွက် Gender Equality Network ၊ Heinrich Boll Stiftung Foundation နှင့် The Government of Sweden တို့က ကူညီထောက်ပံ့ပေးပါသည်။

အမည်မဖော်လိုသူ မြန်မာအမျိုးသမီးသုံးဦးက ၄င်းတို့၏ ဝမ်းနည်းကြေကွဲဖွယ်အဖြစ်အပျက်များကို ရန်ကုန်ရုပ်ရှင်ကျောင်းမှ ကျောင်းသူကျောင်းသားများကို ရင်ဖွင့်ပြောပြခဲ့ကြသည်။ ဤအမျိုးသမီးများ၏ ဘဝဖြစ်ရပ်မှန်အတွေ့အကြုံများကို ရန်ကုန်ရုပ်ရှင်ကျောင်း၏ ပထမအကြိမ် ပုံပြမှတ်တမ်းရုပ်ရှင်ဖန်တီးခြင်း သင်တန်းတွင် စက္ကန့်ခြောက်ဆယ်စာ ရုပ်ပုံပြရုပ်ရှင်တိုသုံးပုဒ်အဖြစ် ပုံဖော်ရိုက်ကူးခဲ့ပါသည်။ အမျိုးသမီးများ၏ ရင်ဖွင့်သံများကို သက်ဝင်လှုပ်ရှားသည့်ရုပ်ပုံများနှင့် တွဲဖက်သရုပ်ဖော်ခဲ့ခြင်းဖြစ်သည်။ မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာအမျိုးသမီးများနေ့တွင် ဤပုံပြမှတ်တမ်းရုပ်ရှင်တိုများကို ပထမဦးဆုံးအကြိမ် ထုတ်လွှင့်ရန်စီစဉ်ခဲ့ခြင်းမှာ ကြည့်ရှုခံစားရသူ ပရိသတ်များအနေဖြင့် မတူညီသည့်အကြမ်းဖက်ခြင်းပုံစံများသည် ကျားမခွဲခြားဆက်ဆံမှုအပေါ်အခြေခံသည့်အကြမ်းဖက်မှုများ ဖြစ်နေသည်ကို သတိပြုမိလာစေရန်။ ထို့ပြင် အကြမ်းဖက်ခြင်းဆိုသည်မှာ ပုဂ္ဂလိကကိုယ်ရေးကိုယ်တာကိစ္စရပ်တစ်ခုမဟုတ်ဘဲ လူ့အသိုက်အဝန်းတစ်ရပ်လုံး က ပိုင်းဝန်းဖြေရှင်းရမည့်ပြဿနာတစ်ရပ်ဖြစ်ကြောင်း နားလည်သိရှိလာနိုင်ရန်ဖြစ်သည်။

"အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဖြစ်စဉ်တွေဟာ မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေထဲက အရေးကြီးတဲ့အချက်တစ်ခုဖြစ်ပါတယ်။ GEN ကနေ နောက်ဆုံးရရှိထားတဲ့ သုတေသန လေ့လာချက် (Behind the Silence: Violence Against Women and their Resilience, Myanmar, 2015) ကိုကြည့်မယ်ဆိုရင် အမျိုးသမီးတွေ ကြုံတွေ့နေရတဲ့ အကြမ်းဖက်မှုများဟာ ပုံစံအမျိုးမျိုး ရှိနေတာကို တွေ့ရမှာပါ။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေး စီးပွားရေးပိုင်းဆိုင်ရာနဲ့ ရင်းနှီးသူတွေ (လင်ယောကျာ်း၊

*This Yangon Film School project is supported by the following organisations:*

ချစ်သူရည်းစား)ရဲ့လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့် အကြမ်းဖက်မှုတွေ ဖြစ်တယ်။ ကာယအိန္ဒြေပျက်ပြားအောင် လုပ်တယ် ဆိုတာကတော့ နိုင်ငံတပ်မ်းက အမျိုးသမီးတွေ မကြာခဏဆိုသလို ကြုံတွေ့နေရတဲ့ ကိစ္စပဲဖြစ်ပါတယ်။" *ဒေါ်မေစံပယ်ဖြူ (ဒါရိုက်တာ၊ Gender Equality Network)*

တစ်မိနစ်စာ ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်တို သုံးကားကို ဆုတံဆိပ်များ ဆွတ်ခူးရရှိထားသည့် နိုင်ငံတကာ သင်တန်းနည်းပြနှစ်ဦးက ကြီးကြပ်သင်ကြားပေးသည့် သင်တန်းကာလအတွင်း ရိုက်ကူးထုတ်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ရုပ်ရှင်တိုများက အမျိုးသမီးများအပေါ် ကျူးလွန်လေ့ရှိသည့် အဖြစ်အပျက်များကို မီးမောင်းထိုးပြထားသည်။ YFS ကျောင်းသူကျောင်းသားများက အဓိကအချက်များ၊ ဖြစ်စဉ်ပုံစံများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကာကွယ်ဖြေရှင်းရမည့်နည်းလမ်းကို ထည့်သွင်းစဉ်းစားထားပြီး ကြည့်ရှုသူပရိသတ်များအနေဖြင့် အကြမ်းဖက်မှုဆိုသည်မှာ လက်သင့်ခံစရာ လုံးဝမဟုတ်ကြောင်းနှင့် မဆီလျော်သည့်အမူအကျင့်ဆိုးသာဖြစ်ကြောင်းကို သိရှိခံစားနိုင်စေရန်ပုံဖော်ထားသည်။ အိမ်တွင်းအကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်အကြမ်းဖက်ခြင်းနှင့် အင်တာနက်မှတစ်ဆင့်အကြမ်းဖက်ခြင်း စသည့် ကျားမခွဲခြားဆက်ဆံအကြမ်းဖက်ခြင်းဖြစ်စဉ်သုံးမျိုးကို ဖော်ပြထားသည်။ ရုပ်ရှင်တိုတစ်ကားချင်းစီက ကြည့်ရှုသူပရိသတ်များကို ဤပြဿနာများအပေါ် အမြင်သစ်ဖြင့်မြင်လာနိုင်စေရန်နှင့် ပြဿနာနှင့်ဝေးရာကို ထွက်ပြေးမည့်အစား ရင်ဆိုင်ဖြေရှင်းစေရန် တိုက်တွန်းအားပေးထားသည်။

"ကျွန်မအမြင်မှာတော့ ဒီပုံပြမှတ်တမ်းရုပ်ရှင်တိုဟာ ထိလွယ်ရှလွယ်တဲ့ကိစ္စရပ်တွေကို ပုံဖော်နိုင်ဖို့ နည်းလမ်းကောင်းတစ်ခုပါ။ ကိုယ့်ရဲ့ဇာတ်ဆောင်အနေနဲ့ ခက်ခဲတဲ့အဖြစ်အပျက်တွေကိုပြောပြနိုင်ဖို့ ကင်မရာနဲ့မျက်နှာချင်းဆိုင် အင်တာဗျူးလုပ်တာထက် ဒီနည်းလမ်းက အများကြီးသရုပ်ဖော်နိုင်ပါတယ်။ ကိုယ့်ဇာတ်လမ်းကို နောက်တစ်ဆင့်ထိ ပို့ပေးနိုင်တယ်။"

*မေထူးချို (သင်တန်းသူ၊ ရန်ကုန်ရုပ်ရှင်ကျောင်း)*

**ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်များကိုကြည့်ရှုရန် ယူကျူ့ဘ်လင့်ခ် း**

**Clip I / https://youtu.be/ocGNPICWzAw**

**Clip II / https://youtu.be/Mp49q2l6uew**

**Clip III / https://youtu.be/C390C4nMLgU**

**စည်းမျဉ်းစည်းကမ်းများအရ ဤရုပ်ရှင်တိုများကို မတ်လ ၈ ရက်နေ့မှသာလျှင် စတင် ထုတ်လွှင့်တင်ဆက်မည်ဖြစ်ပါသည်။**

ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်တိုများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ပုံနှိပ်မီဒီယာစာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုကွန်ရက်မီဒီယာများအပြင် GEN နှင့် ချိတ်ဆက်လုပ်ကိုင်နေသော လူထုအခြေပြုအဖွဲ့အစည်းကွန်ရက်မှတစ်ဆင့် ဖြန့်ချိထုတ်လွှင့်သွားရန်ရှိပါသည်။ မြန်မာပရိသတ်များအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှလည်းကောင်း၊

ဒီမိုကရက်တစ်မြန်မာ့အသံ (ဒီဗွီဘီ)နှင့် အခြားရုပ်မြင်သံကြားလိုင်းများမှတစ်ဆင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ ဤရုပ်ရှင်တိုများကို မည်သည့်အဖွဲ့အစည်းကမဆို လိုအပ်သည့်သင်တန်းများတွင် ထိရောက်စွာအသုံးပြုနိုင်ရန်လည်း ခွင့်ပြုထားပါသည်။

**ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်သင်တန်းနှင့်ပတ်သက်၍**

၂၀၁၆ ခုနှစ်အကုန်ပိုင်းတွင် ရန်ကုန်ရုပ်ရှင်ကျောင်းမှ GEN၊ ဟိုင်းနရစ်ဘိုဂဲလ်ဖောင်ဒေးရှင်းနှင့် SIDA တို့နှင့် လက်တွဲကာ သင်တန်းတစ်ခုကို စီစဥ်ခဲ့ကြသည်။ YFS ကျောင်းသားများအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသော ကျားမခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများပေါ်အခြေခံ၍ ဖြစ်ရပ်မှန်အသံမှတ်တမ်းများနှင့် လှုပ်ရှားရုပ်ပုံများကိုတွဲဖက်ကာ ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်တိုသုံးပုဒ်ကို ရိုက်ကူးထုတ်လုပ်နိုင်ရန်ဖြစ်သည်။ သင်တန်းမှ ထွက်ပေါ်လာသည့် တစ်မိနစ်စာ ရုပ်ရှင်တိုသုံးပုဒ်ကို ရုပ်မြင်သံကြားကွန်ရက်များနှင့် အခြားအစီအစဉ်များမှတစ်ဆင့် ထုတ်လွှင့်တင်ဆက်ရန်ဖြစ်သည်။ ရက်သတ္တပတ်ခြောက်ပတ်ကြာ သင်တန်းကာလအတွင်း အဖြစ်အပျက်များကို သုတေသနပြုလေ့လာခြင်း၊ အထူးသတိထားရသည့် အင်တာဗျူးလုပ်ငန်းစဥ်နှင့် ဆန်းသစ်တီထွင်သည့် အားကောင်းသောလှုပ်ရှားရုပ်ပုံများကိုဖန်တီးခြင်းများပါဝင်ခဲ့သည်။ သင်တန်းအပြီးတွင် ခံစားမှုအားကောင်းသည့် မြန်မာစကားပြော ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်တိုများကို ထုတ်လုပ်နိုင်ခဲ့ကြသည်။ မြန်မာနှင့် အင်္ဂလိပ်စာတန်းထိုးထားသည့်ရုပ်ရှင်တိုများသည် မြန်မာနိုင်ငံမှ ကျားမခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းဖြစ်ရပ်များ၏ အဓိကသော့ချက်များကို ရှင်းလင်းတင်ပြထားသည်။

မြန်မာနိုင်ငံတစ်ဝန်းမှ အသက် ၂၂ နှစ်မှ ၃၈ နှစ်အတွင်းရှိ သင်တန်းသူသင်တန်းသားကိုးဦးကို ဆုတံဆိပ်ဆွတ်ခူးရရှိထားကြသည့် လှုပ်ရှားရုပ်ပုံများကို အထူးပြုသင်ကြားပေးသည့် လီဆာခရဖ် (အမေရိကန်) နှင့် ရုပ်ရှင်ပညာရှင်၊ စာရေးဆရာမ၊ အမျိုးသမီးတက်ကြွလှုပ်ရှားသူ ပါရိုမီသာ ဗိုဟ်ရာ (အိန္ဒိယ) တို့မှ ကြီးကြပ်သင်ကြားပေးခဲ့ကြသည်။

"ဒီသင်တန်းကိုစီစဥ်ရတဲ့ အဓိကအချက်နှစ်ခုရှိပါတယ်။ ပထမတစ်ချက်က ကျောင်းသူကျောင်းသားတွေအနေနဲ့ ဒီကျားမခွဲခြားဆက်ဆံခြင်းနဲ့ အကြမ်းဖက်ခြင်းတို့ရဲ့ အချက်အလက်တွေကို သိရှိနားလည်လာစေဖို့ဖြစ်တယ်။ ဖြစ်ပေါ်စေတဲ့အကြောင်းရင်းတွေ၊ အကြမ်းဖက်ခံရသူရဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုတွေနဲ့ လူ့အဖွဲ့အစည်းကနေဖြစ်စေ၊ ယဉ်ကျေးမှုအကြောင်းရင်းကဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအချက်အလက်တွေ ဒါတွေအားလုံးဟာ တစ်ခုနဲ့တစ်ခု ရောထွေးယှက်တင်နေတယ်ဆိုတာကို သိနားလည်စေဖို့ပါ။ တစ်ချိန်တည်းမှာပဲ ပိုပြီးကျယ်ပြန့်တဲ့ပရိသတ်တစ်ရပ်လုံးအတွက် ဒီအချက်အလက်အကြောင်းအရာတွေကို ပျင်းစရာကောင်းတဲ့ ပညာပေးညွှန်ကြားမှုချည်းသက်သက်မဟုတ်ဘဲ ထိထိရောက်ရောက်နဲ့ လှုပ်ရှားသက်ဝင်နေတဲ့ရုပ်ရှင်တွေအဖြစ် ပြောင်းလဲဖန်တီးဖို့ဖြစ်တယ်။ ဒီနည်းလမ်းအားဖြင့် ကျောင်းသူကျောင်းသားတွေဟာလည်း မှတ်တမ်းရုပ်ရှင်ရိုက်ကူးခြင်း နည်းလမ်းသစ်တွေကို သိရှိပြီး လက်တွေ့အသုံးချလာနိုင်မှာဖြစ်တယ်။"

လင်းဆေးမယ်ရီဇင် (ရန်ကုန်ရုပ်ရှင်ကျောင်းတည်ထောင်သူ)

*This Yangon Film School project is supported by the following organisations:*

## _အမျိုးသမီးများအား အကြမ်းဖက်မှု ရုပ် ရုပ်ရှင်တိုများ၏ ဇာတ်လမ်းအကျဉ်းချုပ်များ

<u>အိမ်တွင်းအကြမ်းဖက်ခြင်း</u>

ဤတစ်မိနစ်စာ ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်တိုသည် အောင်မြင်သော အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ အိမ်တွင်းအကြမ်းဖက်ခံရခြင်းအကြောင်းဖြစ်ပါသည်။ အမျိုးသားဖြစ်သူနှင့် တွေ့ဆုံမေတ္တာမျှခဲ့စဉ်က လွှမ်းမောဖွယ်ခံစားချက်၊ အိမ်ထောင်ကျပြီးနောက်ပိုင်း ခင်ပွန်းသည်၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအနိုင်ကျင့်မှုများကြောင့် ထိခိုက်နာကျင်ခဲ့ရသည့် ကာယကံရှင်အမျိုးသမီး၏ စကားသံများနှင့် နှစ်ပေါင်းများစွာကြာအောင် ရက်စက်သည့်အကြမ်းဖက်မှုများ ထပ်ခါတလဲလဲ ဖြစ်ပွားခဲ့ခြင်းအား လက်ရာမြောက်သည့် လှုပ်ရှားရုပ်ပုံများကို အသုံးပြု၍ ဖန်တီးသရုပ်ဖော်ထားပါသည်။ အိမ်တွင်းအကြမ်းဖက်ခြင်းများသည် ပညာနိမ့်ပါးပြီး ဆင်းရဲမွဲတေသည့် လူ့အသိုက်အဝန်း၌သာ ဖြစ်ပွားသည်ဟူသော ထင်မြင်ယူဆမှုကိုပယ်ဖျက်ပြီး ဤပြဿနာသည် အဆင့်အတန်း၊ ဥစ္စာဓနနှင့်မဆိုင် ကျားမကွဲပြားမှုကြောင့်ဖြစ်ပွားကြောင်းကို လူလတ်တန်းစား ကာယကံရှင်အမျိုးသမီး၏ အတွေ့အကြုံက သက်သေပြနေသည်။

---

<u>လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်အကြမ်းဖက်ခြင်း</u>

ဤတစ်မိနစ်စာ ရုပ်ပုံပြမှတ်တမ်းရုပ်ရှင်တိုသည် အိမ်နီးချင်းယောက်ျားတစ်ဦး၏ အဓွမပြုကျင့်မှုကြုံတွေ့ခဲ့ရသည့် အလုပ်သမတစ်ဦး၏ ရင်နင့်ဖွယ်အဖြစ်အပျက်ဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းနှင့် ပတ်ဝန်းကျင်မှလူပုဂ္ဂိုလ်များ၏ ကိုယ်ချင်းစာတရားနည်းပါးမှုကို ကျော်လွှားနိုင်ရန် သူမကြိုးစားရုန်းကန်ရခြင်းကိုလည်း သရုပ်ဖော်ထားပါသည်။ ကာယကံရှင်အမျိုးသမီး၏ ရင်ဖွင့်စကားများက အဓိကအချက်နှစ်ချက်ကို မီးမောင်းထိုးပြထားသည်။

လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှုများသည် သိရှိရင်းနီးသူများမှ ကျူးလွန်လေ့ရှိခြင်း၊

ကျူးလွန်သူတရားခံနှင့် အကြမ်းဖက်လုပ်ရပ်ကို ဆန့်ကျင်ရမည့်အစား ကျူးလွန်ခံရသူကို နှိမ်ချဖယ်ကျဉ်ကြသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်း၏ သေးသိမ်သည့်သဘောထားတို့ ဖြစ်ကြသည်။

---

<u>အင်တာနက်မှတစ်ဆင့် အကြမ်းဖက်ခြင်း</u>

အင်တာနက်ကွန်ရက်တွင် အသုံးပြုသူအရေအတွက် တိုးပွားများပြားလာသည်နှင့်အမျှ ကျွန်ုပ်တို့၏ ဒစ်ဂျစ်တယ် မျက်နှာစာမှာလည်း မိမိ၏ဘဝတစ်စိတ်တစ်ပိုင်းအဖြစ် တည်ရှိလာသည်။ ဂုဏ်သိက္ခာညှိုးနွမ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် တစ်စုံတစ်ဦး၏ အချက်အလက်အကြောင်းအရာများကို အင်တာနက်ပေါ်တွင် ဖြန့်ဝေတင်ပြခြင်းဖြင့် ပြင်းပြင်းထန်ထန် အကြမ်းဖက်ခံခဲ့ရသည့် အမျိုးသမီးများအကြောင်းကို ဤတစ်မိနစ်စာဇာတ်လမ်းတိုတွင် မှတ်တမ်းတင်ထားသည်။ ရည်းစားဟောင်းဖြစ်သူက နှစ်ကိုယ်ကြားဓာတ်ပုံများနှင့် ပုဂ္ဂလိကအတွင်းရေးများကို အွန်လိုင်းပေါ်သို့ တင်ပြခဲ့ခြင်းကြောင့် အခြားသူစိမ်းယောက်ျားများ၏ စော်ကားနှောင့်ယှက်မှုများအောက် ရှက်ရွံ့မှုများကြားမှ ကာယကံရှင်အမျိုးသမီး၏ ရင်ဖွင့်သံဖြစ်သည်။

ဤရုပ်ရှင်တွင် အမျိုးသမီးများ၏ ပုဂ္ဂလိကဘဝအတွင်းရေးကို တန်ဖိုးထားလေးစားရန် တောင်းဆိုထားပါသည်။

---

*This Yangon Film School project*
*is supported by the*
*following organisations:*

## _Context:

ကျားမခွဲခြားဆက်ဆံခြင်းနှင့်အကြမ်းဖက်ခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်စုံတစ်ဦး၏ သဘောဆန္ဒမပါရှိဘဲ ကျန်းမာရေး၊ ဂုဏ်သိက္ခာ၊ လုံခြုံရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို ထိခိုက်နာကျင်စေရန် လုပ်ဆောင်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို သတ်မှတ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အကြမ်းဖက်ခြင်းသည် ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသည့် အများဆုံးဖြစ်ပေါ်လျက်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်ဖြစ်သည်။ သို့သော်လည်း ထုတ်ဖော်ပြောဆိုမှု အနည်းဆုံးကိစ္စရပ်လည်းဖြစ်သည်။ အကြမ်းဖက်ခံရမှုကို လွန်မြောက်လာသူများကလည်း ထပ်မံနှောင့်ယှက်ခြင်း၊ ထပ်မံအကြမ်းဖက်ခြင်းများ မခံရစေရန်အတွက် သတင်းပို့တိုင်ကြားခြင်း၊ အကူအညီတောင်းခံခြင်းများ မလုပ်ရဲကြပါ။

မြန်မာနိုင်ငံအခြေစိုက် Gender Equality Network (GEN) ၏အဆိုအရ မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်မှုဆိုင်ရာအနိုင်ကျင့်အကြမ်းဖက်ခြင်းများ၊ ကျားမခွဲခြားဆက်ဆံခြင်းများနှင့် ပတ်သက်သည့် မှတ်တမ်းအချက်အလက်များမှာ ဆိုးဆိုးရွားရွား ပျောက်ပျက်လျက်ရှိနေသည်ကို တွေ့ရှိရသည်။ သို့သော်လည်း GEN မှ ထုတ်ပြန်ခဲ့သည့် လေ့လာချက်တွင် လင်ယောကျ်ားများနှင့် အခြားအမျိုးသားများ၏ အကြမ်းဖက်ခြင်းတစ်စုံတစ်ရာကို ကြုံတွေ့ခံစားခဲ့ရသည့် အမျိုးသမီးများ၏ အတွေ့အကြုံများကို ဖော်ပြထားပါသည်။ လေ့လာချက်တွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် မကြာခဏ ဆိုးရွားစွာဖြစ်ပေါ်လေ့ရှိသည်သာမက ဆင်းရဲမွဲတေမှုနှင့် အထူးသဖြင့် ကန့်သတ်ပစ်ပယ်ခံထားရသည့် လူ့အဖွဲ့အစည်းများတွင် ပိုမိုဖြစ်ပေါ်နေသည်ကို တင်ပြထားသည်။ ထို့ပြင် ရှာဖွေတွေ့ရှိချက်အရ အကြမ်းဖက်ခံရသူများကို ထောက်ပံ့ပေးနိုင်သည့်နေရာ၊ လုပ်ဆောင်ချက်များ မရှိသလောက် အားနည်းနေမှုနှင့် နိုင်ငံ၏ တရားစီရင်မှုအပေါ် ယုံကြည်မှုသိပ်မရှိသည်ကို ထောက်ပြထားသည်။

## ဆက်သွယ်ရန်


**Aleksandra Minkiewicz**
Country Director

**Yangon Film School e.V.**
Non-profit Association for the Promotion
of Young Burmese film and Video Artists

No.5 MyaYadanar Rd./
PyiTharyar Avenue / Yankin Township
Yangon / Myanmar /
phone. + 95 942 115 7629/
mobile. + 95 94 53 122 764 /
minkiewicz@yangonfilmschool.org
www.yangonfilmschool.org



*This Yangon Film School project is supported by the following organisations:*